# လျှောက်လွှာခေါ်ယူသည့်နေ့ရက်အား တိုးမြှင့်သတ်မှတ်ကြောင်း အသိပေးကြေညာခြင်း

သစ်တောဦးစီးဌာနတွင် လစ်လပ်လျှက်ရှိသော (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တောအုပ်ကြီး (၅၅)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းကို ၂၃-၁-၂၀၂၁ ရက်နေ့တွင် တစ်ကြိမ်၊ ၅-၅-၂၀၂၁ ရက်နေ့တွင် တစ်ကြိမ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ များတွင် ကြေညာခဲ့သော်လည်း လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ online ဆက်သွယ်ရေး အခြေအနေ စသည့် အခက်အခဲများနှင့် လျှောက်လွှာခေါ်ယူသည့် ကြော်ငြာစာတို့အား မသိရှိလိုက်သောကြောင့် လျှောက်ထားလိုသော်လည်း မလျှောက်ထားလိုက်ရသူများ လျှောက်ထားနိုင်ရေးအတွက် လျှောက်လွှာပိတ်ရက်အား **(၂၅-၆-၂၀၂၁)ရက်နေ့** သို့ တိုးမြှင့်သတ်မှတ်ပါကြောင်း နှင့် အောက်ပါ အချက်အလက်များအားဖတ်ရှုလေ့လာ၍လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ် လျက်ရှိသော (လစာနှုန်းကျပ်၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တောအုပ်ကြီး (၅၅) နေရာအတွက် လျှောက်လွှာ များ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) သိပ္ပံ(သစ်တော)ဘွဲ့ရရှိပြီးသူဖြစ်ရမည်၊

(ဂ) ၂၈-၂-၂၀၂၁ ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ၊ မဟာဘွဲ့(သစ်တော)ရပြီးသူဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(ဃ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊

(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ ဒေသမရွေး တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ (pdf format ဖြင့် scan ဖတ်၍ ) ပူးတွဲလျက် administration@forest.gov.mm သို့ ၂၅-၆-၂၀၂၁ နောက်ဆုံး ထား၍ Online စနစ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောပို့ဖြင့်ဖြစ်စေ၊ နေပြည်တော် ကောင်စီ နယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများသို့ဖြစ်စေ လျှောက်ထား ရမည် -

(က) ဘွဲ့လက်မှတ်မူရင်း (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်)၊

(ခ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း (စစ်ဆေးသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြနိုင်ရမည်။)၊

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်းထောက်ခံချက်မူရင်း၊

(ဃ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း၊

(င) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း။

၄။ စည်းကမ်းနှင့် မကိုက်ညီသော(သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့်စာမေးပွဲဖြေဆိုရန်အတွက် လျှောက်ထားသူတစ်ဦးချင်းစီ၏ စာမေးပွဲခုံနံပါတ်များကို သစ်တောဦးစီးဌာန၏ Website www.forestdepartment.gov.mm နှင့် www.facebook.com/ forestdepartment.gov.mm တို့တွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပါသည်။

၆။ လက်ရှိ COVID-19 သတ်မှတ်ချက်များအရ နေပြည်တော်တွင် နေထိုင်သူများကို သစ်တောသုတေသနဌာနတွင်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေထိုင်သူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးများတွင်လည်းကောင်း ရေးဖြေစစ်ဆေးသွားမည်ဖြစ်ပါသဖြင့် လက်ရှိနေရပ်ကိုတိကျစွာ ထည့်သွင်းဖော်ပြ လျှောက်ထားရပါမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၀၅၄၀၃/ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ Link https://bit.ly/3o07Tob တွင် download ရယူနိုင်ပါသည်။

သစ်တောဦးစီးဌာန

သို့

ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန
နေပြည်တော်

ရက်စွဲ၊ ------------------------

အကြောင်းအရာ။ **သစ်တောဦးစီးဌာနတွင် အလုပ်တစ်နေရာ ခန့်ထားပေးပါရန် လျှောက်ထားခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခွင့်ပြု ပါရန် ရိုသေစွာဖြင့် တင်ပြလျှောက်ထားအပ်ပါသည်။

၂။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်/ကျွန်မ ---------------------------- သည် ---------------- ပညာသင်နှစ်၊ ----------- ခုနှစ်၊ ------------ လတွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ ကျင်းပသော ဘွဲ့ကြိုနောက်ဆုံးနှစ်စာမေးပွဲကို အဆင့်--------ဖြင့် အောင်မြင်၍ သိပ္ပံ(သစ်တော)ဘွဲ့ ရရှိပြီးဖြစ်ပါသဖြင့် သစ်တောဦးစီးဌာနတွင် တာဝန် ထမ်းဆောင်လိုပါသောကြောင့် ရိုသေစွာဖြင့် ဆန္ဒပြုလျှောက်ထားအပ်ပါသည်။

၃။ ကျွန်တော်/ကျွန်မအနေဖြင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မည်ဖြစ် ပြီး တာဝန်ပေးစေလွှတ်သည့် မည်သည့်နေရာဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်မည် ဖြစ်ပါကြောင်းနှင့် ဌာန၏စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု အပ်ပါသည်။

၄။ ကျွန်တော်/ကျွန်မ ၏ ကိုယ်ရေးရာဇဝင်ကို ပူးတွဲတင်ပြအပ်ပါသည်။

ရိုသေစွာဖြင့်

လက်မှတ် – ----------------------

အမည် – ----------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် – ----------------------

## ကိုယ်ရေးရာဇဝင်အကျဉ်း

| |
|---|
| ဓါတ်ပုံ (1½" × 2" ၊ နောက်ခံအပြာ၊ စတစ်အဖြူ/ရင်ဖုံး) |

၁။ အမည် – ---------------------------------------------

၂။ အဘအမည် – ---------------------------------------------

၃။ အမိအမည် – ---------------------------------------------

၄။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် – ---------------------------------------------

၅။ မွေးသက္ကရာဇ်/အသက် – ---------------------------------------------

၆။ ကိုးကွယ်သည့်ဘာသာ – ---------------------------------------------

၇။ လူမျိုး – ---------------------------------------------

၈။ ပညာအရည်အချင်း – ---------------------------------------------

၉။ ဆက်သွယ်ရန်လိပ်စာ – ---------------------------------------------

---------------------------------------------

၁၀။ အမြဲတမ်းနေရပ်လိပ်စာ – ---------------------------------------------

---------------------------------------------

၁၁။ ဆက်သွယ်ရန်ဖုန်းနံပါတ် – ---------------------------------------------

၅

---------------------------------------------

၁၂။ ရေးဖြေ ဖြေဆိုမည့် နေပြည်တော်/ ---------------------------------------------
တိုင်းဒေသကြီး/ပြည်နယ် ---------------------------------------------

အထက်ပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးအပ်ပါသည်။

လက်မှတ် - ---------------------

အမည် - ---------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ---------------------